# ၁၉၆၂ ခုနှစ်၊ သမိုင်းဝင်ပုဂ္ဂိုလ်များ၏ အထိမ်းအမှတ် မော်ကွန်းဥပဒေ။

[၁၉၆၂ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီဥပဒေအမှတ် ၄၆။]

ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌ သည်၊ အောက်ပါ ဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤဥပဒေကို၊ ၁၉၆၂ ခုနှစ်၊ သမိုင်းဝင်ပုဂ္ဂိုလ်များ၏ အထိမ်းအမှတ် မော်ကွန်းဥပဒေဟု ခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေး အစိုးရက အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်သည့်နေ့ရက်တွင် စတင်အာဏာတည်ရမည်။

၂။ ။ဤဥပဒေတွင် အကြောင်းအရာနှင့်ဖြစ်စေ၊ ရှေ့နောက်စကားတို့၏ အဓိပ္ပါယ်နှင့်ဖြစ်စေ မဆန့်ကျင်လျှင်—

(က) "သမိုင်းဝင်ပုဂ္ဂိုလ်" ဆိုသည်မှာ၊ မြန်မာနိုင်ငံသမိုင်းတွင် ထင်ရှားကျော်စောစွာ နိုင်ငံအတွက်သော်၎င်း၊ အမျိုး၊ ဘာသာ၊ သာသနာ၊ စာပေအတွက်သော်၎င်း အကျိုးပြုဆောင်ရွက်ခဲ့သော မျိုးချစ်ပုဂ္ဂိုလ်ကိုဆိုလိုသည်။

(ခ) "အထိမ်းအမှတ်မော်ကွန်း" ဆိုသည်မှာ၊ အများပြည်သူတို့နှင့်သက်ဆိုင်သည့် နေရာဌာနများတွင် သမိုင်းဝင်ပုဂ္ဂိုလ်၏ အထိမ်းအမှတ်အဖြစ်တည်ဆောက်ထား သောအဆောက်အဦ၊ ကြေးရုပ်၊ ကျောက်ရုပ်၊ ကျောက်တိုင်၊ သို့တည်းမဟုတ် ဥယျာဉ်ပန်းခြံကိုဆိုလိုသည်။

(ဂ) "ယဉ်ကျေးမှု ကောင်စီ" ဆိုသည်မှာ၊ ၁၉၅၅ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံယဉ်ကျေးမှုကောင်စီ အက်ဥပဒေ ပုဒ်မ ၃ အရ ဖွဲ့စည်းထားသော ပြည်ထောင်စုမြန်မာနိုင်ငံယဉ်ကျေးမှု ကောင်စီကိုဆိုလိုသည်။

(ဃ) "ဒေသန္တရအာဏာပိုင်" ဆိုသည့် စကားရပ်တွင်၊ ရန်ကုန်မြူနီစီပါယ် ကော်ပိုရေးရှင်းအဖွဲ့၊ မြူနီစီပါယ်အဖွဲ့နှင့် အခြားဒေသန္တရအဖွဲ့များပါဝင်သည်။

(င) "ထိန်းသိမ်းရေးအဖွဲ့" ဆိုသည်မှာ၊ ဤဥပဒေအရ၊ သမိုင်းဝင်ပုဂ္ဂိုလ်များ၏ အထိမ်းအမှတ်မော်ကွန်းကို စောင့်ရှောက်ထိန်းသိမ်းရန်အတွက် အမိန့်ကြော်ငြာစာဖြင့် တာဝန်လွှဲအပ်ခြင်းခံရသော ဒေသန္တရအာဏာပိုင်ကိုဆိုလိုသည်။ ထိုစကားရပ်တွင် ယဉ်ကျေးမှုကောင်စီပါဝင်သည်။

၃။ ။(၁) ပြည်ထောင်စုမြန်မာနိုင်ငံတဝှန်းလုံးတွင် အများပြည်သူတို့နှင့် သက်ဆိုင်သော သမိုင်းဝင်ပုဂ္ဂိုလ်များ၏ အထိမ်းအမှတ်မော်ကွန်းကို တည်ဆောက်

ရန်၎င်း၊ ထိုအထိမ်းအမှတ်မော်ကွန်းကို ခုံညားထည်ဝါစွာမှုမ်းမံစေရန်၎င်း၊ ထိန်းသိမ်းစောင့်ရှောက်ရန်၎င်း၊ ကြီးကြပ်ရန်၎င်း တာဝန်ပေးနိုင်သည့် အာဏာသည်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ၌သာလျှင် တည်ရှိရမည်။

(၂) ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးအစိုးရသည်၊ အများပြည်သူတို့အကျိုးငှါ၊ သမိုင်းဝင်ပုဂ္ဂိုလ်များ၏ အထိမ်းအမှတ်မော်ကွန်းကို အခါအားလျော်စွာတည်ဆောက်နိုင်သည်။

(၃) သမိုင်းဝင်ပုဂ္ဂိုလ်များ၏ အထိမ်းအမှတ်မော်ကွန်း တည်ဆောက်ရန်စရိတ်ငွေကို ယဉ်ကျေးမှုကောင်စီ ရံပုံငွေထဲမှကျခံသုံးစွဲနိုင်သည်။

(၄) ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေး အစိုးရသည်၊ တည်ဆောက်သည့် သမိုင်းဝင်ပုဂ္ဂိုလ်၏ အထိမ်းအမှတ်မော်ကွန်းကို ထိန်းသိမ်းစောင့်ရှောက်ရန်၊ ခံ့ညား ထည်ဝါစွာ မွမ်းမံရန်အလို့ငှါ၊ ထိုအထိမ်းအမှတ် မော်ကွန်းတည်ရာဒေသနှင့်သက်ဆိုင်သည့် ဒေသန္တရအာဏာပိုင်အား၊ ထိန်းသိမ်းရေးအဖွဲ့အဖြစ်ဌာနဆိုင်ရာ သဘောတူညီချက်ဖြင့် အမိန့်ကြော်ငြာစာထုတ်ပြန်၍ တာဝန်လွှဲအပ်နိုင်သည်။

(၅) ဤပုဒ်မပါပြဋ္ဌာန်းချက်များတွင် မည်သို့ပင်ပါရှိစေကာမူ၊ နောက်ဆက်တွဲဇယားတွင် ဖော်ပြထားသည့် သမိုင်းဝင်ပုဂ္ဂိုလ်အသီးသီး၏ အထိမ်းအမှတ် မော်ကွန်းများကို ထိန်းသိမ်းစောင့်ရှောက်ရန်အတွက်၊ ရန်ကုန်မြူနီစီပါယ် ကော်ပိုရေးရှင်းအဖွဲ့အား၊ ထိန်းသိမ်းရေးအဖွဲ့အဖြစ် ကြေညာပြီးဖြစ်သည်ဟု မှတ်ယူရမည်။

(၆) ဤပုဒ်မအရ ထုတ်ပြန်သော အမိန့်ကြော်ငြာစာကို—

(က) ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရက၊ မည်သည့်အခါမဆိုပယ်ဖျက်နိုင်သည်၊ ထို့ပြင်

(ခ) မပယ်ဖျက်သေးလျှင်၊ ယင်းသို့ မပယ်ဖျက်သေးသမျှ ကာလပတ်လုံး၊ အဆိုပါအမိန့်ကြော်ငြာစာမှာ၊ ၎င်းတွင်သီးခြားဖော်ပြထားသောသမိုင်းဝင်ပုဂ္ဂိုလ်များ၏ အထိမ်းအမှတ် မော်ကွန်းဖြစ်ကြောင်း၊ သို့တည်းမဟုတ် ဒေသန္တရအာဏာပိုင်သည် ထိန်းသိမ်းရေးအဖွဲ့ဖြစ်ကြောင်း ခိုင်လုံသောသက်သေခံ အထောက်အထားဖြစ်ရမည်။

၄။ ။(၁) မည်သူမဆို၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ၏ ခွင့်ပြုချက်မရရှိဘဲ၊ သမိုင်းဝင်ပုဂ္ဂိုလ်၏ အထိမ်းအမှတ်မော်ကွန်းတည်ဆောက်ခြင်းမပြုရ၊ သို့တည်းမဟုတ် တည်ဆောက်ခြင်းမပြုစေရ။

(၂) မည်သူမဆို၊ ဤပုဒ်မပါ ပြဋ္ဌာန်းချက်ကို ကျူးလွန်လျှင်၊ သုံးနှစ်ထိထောင်ဒဏ်ဖြစ်စေ၊ ကျပ်ငါးထောင်ထိငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ စီရင်ခြင်းခံရမည်။

(၃) ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရသည်၊ ပုဒ်မခွဲ (၁) ပါ ပြဋ္ဌာန်းချက်ကို ဆန့်ကျင်၍ သူဘာသာ တည်ဆောက်ထားသော မည်သည့်သမိုင်းဝင်ပုဂ္ဂိုလ်၏ အထိမ်းအမှတ် မော်ကွန်းကိုမဆို၊ သီးခြားဖော်ပြထားသည့် ကာလအပိုင်းအခြားအတွင်းရွှေ့ပြောင်းရန်၊ အမိန့်ဖြင့် ညွှန်ကြားနိုင်သည်။ ထိုသူကအဆိုပါအမိန့်ကို လိုက်နာရန် ငြင်းဆိုလျှင်၊ သို့တည်းမဟုတ် ပျက်ကွက်လျှင်၊ ကော်လိတ်တော်အရာရှိ

သည့်အဆိုပါသမိုင်းဝင်ပုဂ္ဂိုလ်၏ အထိမ်းအမှတ် မော်ကွန်းကို ရွှေ့ပြောင်းစေနိုင်သည်။ ထိုသို့ရွှေ့ပြောင်းရာတွင် ကုန်ကျသည့် စရိတ်ကို၊ ထိုသူကပေးဆောင်ရမည်။

၅။ ။သမိုင်းဝင် ပုဂ္ဂိုလ်၏ အထိမ်းအမှတ် မော်ကွန်းနှင့် စပ်လျဉ်းသည့် ထိန်းသိမ်းရေးအဖွဲ့၏ အာဏာနှင့် တာဝန်ဝတ္တရားများ၏ ယေဘုယျသဘောကို မထိခိုက်စေဘဲ၊ ထိန်းသိမ်းရေးအဖွဲ့သည်၊ ထိုအထိမ်းအမှတ် မော်ကွန်းဆိုင်ရာရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို ကျနစွာ ပြင်ဆင်ထားရှိရန်၎င်း၊ အထိမ်း အမှတ်မော်ကွန်း ဥပစာမပျက်မစီးစေရန်၎င်း၊ အထိမ်းအမှတ်မော်ကွန်းဥပစာ၌ မဖွယ်မရာမဖြစ်စေရန်၎င်း၊ ခွင့်မရသောသူများကျော်နင်း ဝင်ရောက်ခြင်းမပြုစေရန်၎င်း၊ တိရစ္ဆာန်များ ဝင်ရောက်လာခြင်းမပြုစေရန်၎င်း လိုအပ်သလို အရေးယူဆောင်ရွက်နိုင်သည်။

၆။ ။(၁) ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရသည်၊ ဤဥပဒေပါကိစ္စများအလို့ငှါ၊ နည်းဥပဒေများကို ပြုနိုင်သည်။

(၂) အထူးအားဖြင့်၊ ပုဒ်မခွဲ (၁) ပါ အာဏာများ၏ယေဘုယျသဘောကို မထိခိုက်စေဘဲ၊ အဆိုပါနည်းဥပဒေများသည် အောက်ပါကိစ္စများအတွက် ပြဋ္ဌာန်းနိုင်သည်။

(က) ထိန်းသိမ်းရေးအဖွဲ့သို့ ပုဒ်မ ၃ အရ တာဝန်လွှဲအပ်သောသမိုင်းဝင်ပုဂ္ဂိုလ်များ၏ အထိမ်းအမှတ် မော်ကွန်းနှင့်၎င်း၏ ဥပစာအတွင်းတွင် အနေအထားခင်းကျင်းသတ်မှတ်ခြင်း၊ မွမ်းမံခြင်း၊ ကြည့်ရှုစောင့်ရှောက်စီမံခြင်းကိစ္စ။

(ခ) ထိန်းသိမ်းရေးအဖွဲ့သို့ ပုဒ်မ ၃ အရတာဝန်လွှဲအပ်သောသမိုင်းဝင်ပုဂ္ဂိုလ်၏ အထိမ်းအမှတ် မော်ကွန်းဥပစာအတွင်း အများပြည်သူတို့လာရောက်ကြည့်ရှုနိုင်သောစည်းကမ်းများနှင့် ဥပစာအတွင်းစုရုံးစည်းဝေးပွဲများကျင်းပနိုင်သော စည်းကမ်းချက်များ သတ်မှတ်ရေးကိစ္စ။

(ဂ) ထိန်းသိမ်းရေးအဖွဲ့သို့ ပုဒ်မ ၃ အရတာဝန်လွှဲအပ်သောပစ္စည်းများကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ပျက်စီးစေမှု၊ နှောင့်ယှက်မှုတို့ကို တားဆီးခြင်း၊ ဥပစာအတွင်းသို့ ကျူးကျော်ဝင်ရောက်လာမှုကို၊ သို့တည်းမဟုတ် တိရစ္ဆာန်များ ခေါ်ဆောင်လာမှုကို တားဆီးခြင်းကိစ္စ။

(ဃ) သမိုင်းဝင်ပုဂ္ဂိုလ်၏ အထိမ်းအမှတ် မော်ကွန်း ဥပစာအတွင်းတွင်ညစ်ညမ်းအောင်ပြုမှု၊ မဖွယ်မရာပြုမှု၊ မရိုမသေပြုမှု၊ ထို့ပြင် ဥပစာအတွင်းရှိပစ္စည်းအစရှိသည်တို့ကို မတရားသဖြင့် အသုံးပြုမှုတို့ကို တားဆီးခြင်းကိစ္စ။

(၃) ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရသည်၊ ဤပုဒ်မ အရ နည်းဥပဒေများပြုရာတွင်၊ နည်းဥပဒေတခုခုကို ဖေါက်ဖျက်သည့်အတွက် သုံးနှစ်ထိထောင်ဒဏ်ဖြစ်စေ၊ ကျပ်ငါးထောင်ထိငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ စီရင်ခြင်းခံရမည်ဟုပြဋ္ဌာန်းနိုင်သည်။

## နောက်ဆက်တွဲဇယား။

[ပုဒ်မ ၃၊ ပုဒ်မခွဲ (၄) နှင့် (၅) ကိုကြည့်ပါ]

### သမိုင်းဝင်ပုဂ္ဂိုလ်၏ အထိမ်းအမှတ် မော်ကွန်းနှင့် ထိန်းသိမ်းရေးအဖွဲ့စာရင်း။

| အမှတ်စဉ်။ | သမိုင်းဝင်ပုဂ္ဂိုလ်၏အထိမ်းအမှတ်မော်ကွန်း။ | ထိန်းသိမ်းရေးအဖွဲ့။ |
|---|---|---|
| (၁) | မဟာဗန္ဓုလပန်းခြံ၊ ရန်ကုန်မြို့ | ရန်ကုန်မြို့နီစီပါယ်ကော်ပိုရေးရှင်းအဖွဲ့။ |
| (၂) | ဗိုလ်ချုပ်အောင်ဆန်းကြေးရုပ်နှင့်ဗိုလ်ချုပ်အောင်ဆန်းပန်းခြံ၊ ရန်ကုန်မြို့။ | ၎င်း |
| (၃) | သခင်မြပန်းခြံ၊ ရန်ကုန်မြို့ .... | ၎င်း |
| (၄) | ဦးဝိစာရကျောက်တိုင်၊ ရန်ကုန်မြို့ | ၎င်း |

ဗ၊မ၊ပ၊စ၊—အမှတ် ၆၈၊ တရားရေးဌာန၊ ၈·၂-၆၃—၂,၅၀ + ၂—၂။